


## ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းရမည့်အချိန်

- ❖ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို လစဉ် လကုန်ဆုံးပြီး (၁၀) ရက်အတွင်း ပေးသွင်းရပါမည်။

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၆၅ အရ မည်သူမဆို အောက်ဖော်ပြပါ ပျက်ကွက်မှုတစ်ခုခုကိုကျူးလွန်ပါက ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောဒဏ်ကြေးငွေကို ပေးဆောင်ရမည် -
  - ➢ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊
  - ➢ အခွန်ထမ်းဆိုင်ရာ သတင်းအချက်အလက်ပြောင်းလဲမှုကို အကြောင်းကြားရန် ပျက်ကွက်ခြင်း၊
  - ➢ အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

## အကျိုးကျေးဇူးများ

- ❖ မှတ်ပုံတင်သူအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရရှိမည်ဖြစ်သဖြင့် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေခြင်း၊
- ❖ ကုန်ကျစရိတ်ကို လျှော့ကျစေသဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရန် အထောက်အကူပြုခြင်း၊
- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ၄၃နှင့်အညီ ပြန်အမ်းငွေရရှိနိုင်ခြင်း၊
- ❖ ဒဏ်ကြေးငွေတပ်ရိုက်ခြင်းမှ ကင်းလွတ်နိုင်ခြင်း။



## ကျေးဇူးတင်လွှာ

- ❖ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်အကောက်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။
- ❖ ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။
- ❖ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ အခွန်ပေးဆောင်ပေးကြပါသော လုပ်ငန်းရှင် (အခွန်ထမ်းများ)အား အထူးကျေးဇူးတင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**



အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ် ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းစတင်ခြင်းအကြောင်း သိကောင်းစရာများ ”




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၉ အရ
နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်
အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
http://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**

## ရည်ရွယ်ချက်

- အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ခြင်းနှင့် လစဉ်ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်းတို့ကိုဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းစွာသိရှိနိုင်စေရန်၊ လိုက်နာဆောင်ရွက်မှုတိုးတက်လာစေရန်နှင့် လိုက်နာဆောင်ရွက်မှုကောင်းမွန်သည့် အခွန်ထမ်းများအတွက် မျှတမှုရှိစေရန်ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်လုပ်ငန်းအမျိုးအစားများ

- ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
- ကုန်စည်တင်သွင်းခြင်း၊
- ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
- ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

## ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ

- ကုန်စည်ထုတ်လုပ်သူ၊
- ကုန်စည်တင်သွင်းသူ၊
- ကုန်သွယ်မှုဆောင်ရွက်သူ၊
- ဝန်ဆောင်မှုဆောင်ရွက်သူ။

➡ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ရငွေနှင့်အတူ ကုန်စည်ကိုဝယ်ယူသူ၊ ဝန်ဆောင်မှုကိုရယူသူထံမှ အခွန်ကိုတစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရပါမည်။

## မှတ်ပုံတင်ရန်လိုအပ်သူများ

- နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေရရှိမည့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် တာဝန်ရှိသူများ၊
- အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေ မရှိသော်လည်း အခွန်ခုနှိမ်ခွင့် ရရှိခံစားလိုသူများ၊
- လုပ်ငန်းလိုအပ်ချက်အရ ဆန္ဒအလျောက်မှတ်ပုံတင်လိုသူများ။

## မှတ်ပုံတင်ရမည့်ကာလ

- မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်ပါက – လုပ်ငန်းမစတင်မီ တစ်လ၊
- သက်တမ်းတိုးခြင်းဖြစ်ပါက – မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီတစ်လ။

## မှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာတင်သွင်းခြင်းအတွက် လက်မှတ်ရေးထိုးလျှောက်ထားရမည့်သူများ

- တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်လျှင် – တစ်ဦးချင်းပုဂ္ဂိုလ်ကိုယ်တိုင်
- ကုမ္ပဏီဖြစ်လျှင် – ယင်းကုမ္ပဏီ၏အတွင်းရေးမှူး/ အထွေထွေမန်နေဂျာ/ မန်နေဂျာ (သို့) ကိုယ်စားလှယ် (ကိုယ်စားလှယ်ဟုဆိုရာတွင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၁၇ နှင့်အညီ ညီညွတ်သူများကိုဆိုလိုသည်။)
- အစုစပ်လုပ်ငန်း (သို့) အခြားအဖွဲ့အစည်းအသင်းစသည်တို့ဖြစ်လျှင် – အုပ်ချုပ်မှုကို တာဝန်ယူသောပုဂ္ဂိုလ်စုဝင်
- သမဝါယမအသင်းဖြစ်လျှင် – အသင်းဥက္ကဋ္ဌ (သို့) အတွင်းရေးမှူး တစ်ဦးဦး

## မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

- ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် တာဝန်ရှိသူက မှတ်ပုံတင်ရန် (သို့) သက်တမ်းတိုးရန်လျှောက်လွှာ ပတခ(ကသခ) ၀၁-၀၁ နှင့် လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ ပတခ(ကသခ) ၀၁-၀၁ (က) တို့ဖြင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည်ဖြစ်ပါသည်။
- သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးမှ အချက်အလက်များစိစစ်၍ မှန်ကန်ပါက မှတ်ပုံတင်စာအုပ်တွင်ရေးသွင်း၍ မှတ်ပုံတင်လက်မှတ် ပတခ (ကသခ) ၀၁-၀၂ ကို ထုတ်ပေးပါမည်။
- မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)၀၁-၀၂ ကို ပင်မလုပ်ငန်း ဌပစာတွင်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် မိတ္တူကို သက်ဆိုင်သည့် လုပ်ငန်းခွဲ ဌပစာအသီးသီးတွင်လည်းကောင်း အများမြင်သာအောင် ချိတ်ဆွဲထားရမည် ဖြစ်ပါသည်။

## လုပ်ငန်းစတင်ခြင်း

- နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ (သို့) ဝန်ဆောင်မှုရငွေရရှိသော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် တာဝန်ရှိသူများသည် လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ (၁၀) ရက်အတွင်း လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ (ပတခ(ကသခ) ၀၁-၀၁(က))ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ရပါမည်။ အခွန်ထမ်းဆိုင်ရာ သတင်းအချက်အလက်ပြောင်းလဲမှု ရှိတိုင်း သက်ဆိုင်ရာအခွန်ရုံးသို့ ပြောင်းလဲမှုပြုပြီး ၁၅ ရက်အတွင်း တင်ပြရမည်။

## ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းရမည့်အချိန်

- သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာကို – သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း
- နှစ်ချုပ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာကို – သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်သွင်းရမည်။